□改編自：_____

■自編

108 年新北市各級學校東南亞語文競賽
團體朗讀文稿 緬甸 語 國高中職 組 B-1

A: သင်ဒီနေ့ ဘာလို့ ကျောင်းကို ဒီလောက် နောက်ကျမှ ရောက်လာတာလဲ။

B: ကျွန်တော်/မ စီးလာတဲ့ ဘတ်(စ)ကားနဲ့ အင်္ဂါးယာဉ်နဲ့ တိုက်မိလို့ပါ။
ကားဆရာက ကျွန်တော်/မတို့ကို ကားပေါ်က ဆင်းခိုင်းပြီး နောက်ဘတ်(စ)ကား
အလာကို စောင့်နေရလို့ နောက်ကျသွားတာပါ။

A: နင် ဘာဖြစ်သွားသေးလဲ။ဒဏ်ရာရော ရသွားသေးလား။

B: ကံကောင်းလို့ ဘတ်(စ)ကား အရှိန်မပြင်းလို့ ဒဏ်ရာမရပါဘူး။
သင့်ရဲ့ စိုးရိမ်ပူပန်မှု အတွက် ကျေးဇူးတင်ပါတယ်။

A: ဒီနေ့ ကျွန်တော်/မရဲ့ ဖေဖေဆိုင်ကယ်နဲ့ ကျွန်တော်/မကို ကျောင်းလိုက်ပို့တဲ့
အချိန်မှာ ဘတ်(စ)ကားနဲ့ အင်္ဂါးယာဉ် လမ်းဘေးမှာရပ်ထားပြီး ကားဆရာနဲ့
ယာဉ်ထိန်းရဲ့ စကားပြောနေတာတွေ့မြင်လိုက်တယ်။အဲဒါ သင်စီးလာတဲ့
ကားဖြစ်နေတာကို။

B: တိုက်ဆိုင်လိုက်တာ။ ကျွန်တော်/မ အမြင်မှာ ဘတ်(စ)ကားဆရာ ကားမောင်းတာ
ကျွမ်းကျင်မှုရှိတယ်၊ကားမောင်းတာလည်း ငြိမ်သက်မှု ရှိတယ်။
ဒါပေမဲ့ အင်္ဂါးယာဉ်က ခရီးသည်တင်ဖို့ ရုတ်တရက်လမ်းဘေးဘက် ကပ်ရပ်
လိုက်လို့၊လျှပ်တပျက်အတွင်း တိုက်မိသွားတာ၊ ကားဆရာလည်း လန့်သွားတယ်။

A: ကျွန်တော်/မရဲ့ ဖေဖေ ဆိုင်ကယ်စီးတဲ့ အချိန်မှာ ဘေးထိုးရပ်တဲ့ အင်္ဂါးယာဉ်နဲ့
ဘတ်(စ)ကားကို အမြဲရှောင်ရတယ်။တကယ်လို့ သတိမထားလိုက်ရင်

ယာဉ်တိုက်မှု အလွယ်တကူ ဖြစ်နိုင်တယ်။

B: ဟုတ်ပါတယ်။ ကားအတက်အဆင်းမှာလည်း ဆိုင်ကယ် ဒါမှမဟုတ် မော်တော်ကား လာမလာ သတိထားရမယ်။ ကျွန်တော်/မ တစ်ခေါက် ဘတ်(စ)ကား ပေါ်က အဆင်း ဆိုင်ကယ် တစ်စီးနဲ့ တိုက်မိတော့မလို့။

A: ဒါကြောင့် ကျွန်တော်/မရဲ့ ဖေဖေ ဆိုင်ကယ်စီးတိုင်း မှတ်တိုင်မှာ ဘတ်(စ)ကား ရပ်နေတာနဲ့ ကြိုရင် အနောက်ဘက်မှာရပ်ပြီး ခရီးသည် အတက်အဆင်းကို စောင့်တယ်။ ဘတ်(စ)ကား တံခါးပိတ်ပြီး မှတ်တိုင်ကနေ မောင်းထွက်သွားမှ အရှေ့ကို ဆက်ပြီး စီးပါတယ်။ ဒါမှလူကို မတော်တဆ မတိုက်မိမှာ။

B: သင့်ဖေဖေက ဆိုင်ကယ်စီး စံနမူနာ ယူထိုက်သူ တစ်ယောက်ပါပဲ။ ကားမောင်းသူတိုင်း သင့်ဖေဖေလိုတော်တဲ့ တစ်ဖက်နဲ့တစ်ဖက် နားလည်ပေးတတ်ရင် ကောင်းမှာပဲ။

ဒါမှ ယာဉ်လမ်းကြောင်း အဆင်ချောပြီး၊ယာဉ်တိုက်မှု အန္တရာယ်လည်း နည်းသွားမှာပါ။

A: သင့်ရဲ့ ချီးမွမ်းမှုကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်/မ အိမ်ပြန်ရောက်ရင် ဖေဖေ့ကို ပြောပြ လိုက်ပါ့မယ်။